ညောင်ပင်သာကျေးရွာ
ပုသိမ်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်သာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ညောင်ပင်သာကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ ပုသိမ်ကြီးမြို့နယ်	
	ညောင်ပင်သာကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ပုသိမ်ကြီးမြို့နယ်	
	ညောင်ပင်သာကျေးရွာ အဖွဲ့အစည်းအချိတ်ဆက်ပြပုံ၊ ပုသိမ်ကြီးမြို့နယ်	
	ညောင်ပင်သာကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ပုသိမ်ကြီးမြို့နယ်	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးယုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက် ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၃
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပင်သာကျေးရွာ
ပုသိမ်ကြီးမြို့နယ်

၁.ပုသိမ်ကြီးမြို့နယ် ၊ ဖိုးလှကုန်းကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ သယံဇာတပြမြေပုံ




၂. ပုသိမ်ကြီးမြို့နယ် ၊ ဖိုးလှကုန်းကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

ပုသိမ်ကြီးမြို့နယ် ၊ ဖိုးလှကုန်းကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ ရာသီခွင်ပြပြက္ခဒိန်

အကြောင်းအရာများ	တန်ဂူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဒေါက်သာင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	-	-										
သောက်သုံးရေ	+	+	+	+	+	+	+	+	+	+	+	+
ရိတ်ပိုင်းရေ	-	-	-	-	-							
ကျောက်ကျောက်ဖူးငယ်များ						-	-	-				
ကျောက်ကျောက်ဖူးတစ်ကွန်းခန့်												
သီးနှံပိုးမွှားကျောက်ဖူး						-			-	-		-
မွေးတော်			-		-	-			-	-		-
သဘာဝဘေး	-	-	-	ရေဖြိုး	ရေကြီး	-	-	-	-	-	လေဂျ	လေဂျ
ဝင်ငွေ	-	$	$	-	-	-	-	-	$	$	$	$

၃. ပုသိမ်ကြီးမြို့နယ် ၊ ဖိုးလှကုန်းကျေးရွာအုပ်စု ၊ ညောင်ပင်သာကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ညောင်ပင်သာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ပုသိမ်ကြီးမြို့၏ အနောက်ဘက်(၃၂)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်နယ်နိမိတ်တွင် ဧရာဝတီမြစ်၊ အနောက်ဘက်နယ်နိမိတ်တွင် မင်းဝံတောင်တန်း၊ မြောက်ဘက်နယ်နိမိတ်တွင် ဟင်းရွက်စုကျေးရွာ၊ ကျေးရွာ၏တောင်ဘက်တွင် ဖိုးလှကုန်းကျေးရွာတို့ တည်ရှိပါသည်။ အိမ်ခြေအားဖြင့် (၃၉၃) အိမ် ရှိသော ကျေးရွာကြီး တစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံး အောင်မြေသာဇံမြို့နယ်ဖြစ်ပြီး ကျေးရွာ၏ ကုန်စည်ဝန်ဆောင်မှု အချို့အတွက် မန္တလေးစျေးချိုစျေးနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။ စျေးချိုနှင့် ဆက်သွယ်သောလမ်းမှာ မြေသားလမ်း၊ ဂဝံကျောက်ကြမ်းလမ်းဖြစ်ပြီး ဧရာဝတီမြစ်ရေတက်သော အချိန်တွင် လှေ၊ စက်လှေများဖြင့် သွားရောက်ကြရပါသည်။ ကျေးရွာမှာ မိုးရာသီဧရာဝတီမြစ်ရေတက်ချိန်တွင် ကျေးရွာတွင်းသို့ ရေဝင်ရောက်ခြင်းကြောင့် (၄)လခန့်မှာ ရေကြောင်းလမ်းကိုသာ အသုံးပြုကြရပါသည်။ ကျေးရွာတွင်းလမ်းများမှာ မိုးရာသီတွင်ရွံ့ဗွက်များထခြင်း၊ သွားလာရခက်ခဲခြင်းများ ကြုံနေရပြီး အဆိုပါ ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့်လုပ်ငန်းများ ခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဒေါင့်တစ်နေရာမှ အထောက်အကူဖြစ်မည်မှာ အသေအချာပင်ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ညောင်ပင်သာကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ်ရှိတက်ပါသည်။ ညောင်ပင်သာကျေးရွာတွင် သီးနှံများကို ရာသီဥတုကိုသာအမှီပြုစိုက်ပျိုးကြသည်။ ဧရာဝတီမြစ်ရေဝင်သော အရပ် ဖြစ်သဖြင့် လယ်ကျေးရွာဖြစ်ပြီး ကျွန်းမြေများသာရှိပါသည်။ ကျွန်းမြေဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးကောင်းမွန်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ မြေပဲ၊ ကန်စွန်းဥများ စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ညောင်ပင်သာကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော သာရေးနာရေးကူညီရေး အသင်းအဖွဲ့(မေတ္တာပါရမီပရဟိတ)၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရေကော်မတီ၊ မီးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ ကျောင်းကော်မတီအဖွဲ့များ ရှိပြီး ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ညောင်ပင်သာကျေးရွာတွင် ၅ကေမှ ၁၂.၅ ဧကကြား တောင်သူလတ် အိမ်ထောင်စု (၃)စု၊ ၂.၅ကေမှ ၅ဧကကြား တောင်သူငယ်အိမ်ထောင်စု (၃) စု ၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ အိမ်ထောင်စု (၂၂)စုနှင့် မြေယာမဲ့အိမ်ထောင်စု(၉၆)စု တို့ရှိကြပြီး အများစုမှာ မြေပဲနှင့် ကန်စွန်းဥများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက် (၁) စီး၊ လက်တွန်းထွန်စက် (၁)စီးနှင့် မြတ်ရိတ်စက် (၃) ခု ရှိပြီး အဆိုပါစက်များ ပိုင်ဆိုင်မှု မရှိသူများသည် ငှါးရမ်း၍ ထွန်ယက် စိုက်ပျိုးကြပါသည်။

(ခ) **မွေးမြူရေး**

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၅၂)စုရှိပြီး နွားကောင်ရေ(၃၁၆)ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု(၁၀၈)စုရှိပြီး နို့စားနွားကောင်ရေ(၁၅၆)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၁)စုရှိပြီး ဝက်ကောင်ရေ(၂)ကောင်နှင့် ကြက်မွေးမြူ ထားသည့် အိမ်ထောင်စု(၁၆)စု ရှိပြီး ကြက်ကောင်ရေ (၄၁)ကောင်ရှိ၍ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့် အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) **စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရေ လုပ်ငန်းများ**

ညောင်ပင်သာကျေးရွာတွင် အရောင်းအဝယ်လုပ်ငန်းလုပ်သူများ၊ ပန်းရံ၊လက်သမား၊ စက်မှုလက်မှုလုပ်သား၊လယ်ယာလုပ်သားနှင့် အခြားကျပန်း လုပ်ကိုင်သူ များရှိပြီး နီးစပ်ရာကျေးရွာများနှင့် မန္တလေးမြို့များသို့ သွားရောက်လုပ်ကိုင် အသက်မွေးကြပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင်(၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ ကျေးရွာတွင် မြစိမ်ရောင်ကျေးရွာစီမံကိန်းရှိသဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော အိမ်ထောင်စု များသို့ အရင်းအနှီးငွေများ ထုတ်ချေးထားကြပါသည်။ ချေးငွေများသည် လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှ ငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေ ကြရပါသည်။

၅။ **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

ညောင်ပင်သာကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင်ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့်အဆင့်မြင့်တင့်ရန် လိုအပ်ပါသည်။ ညောင်ပင်သာကျေးရွာတွင် လှေ၊သမ္ဘာန် (၃၂၀) စီး၊ စက်လှေ (၃၄)စီး၊ မော်တော် ဆိုင်ကယ်(၂၃၅)စီး၊ ထော်လာဂျီ(၅)စီး၊ ကား(၁)စီး၊ နွားလှည်း (၂၂)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍာအတွက် အသုံးပြုနေကြပါသည်။

(ခ) **ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အားအသုံးပြုနိုင်သူ အိမ်ထောင်စုသည် (၃၃၇) အိမ် ရှိပြီး ကျေးရွာအိမ်ထောင်စု၏ (၈၆) ရာခိုင်နှုန်း၊ ဆိုလာစနစ်အသုံးပြုသူ အိမ်ထောင်စု (၈၉) စု ကျေးရွာအိမ်ထောင်စု၏ (၂၂) ရာခိုင်နှုန်းရှိသဖြင့် လျှပ်စစ်မီးနှင့် ပတ်သက်၍ အခက်အခဲမရှိ သုံးစွဲနိုင်ကြောင်း တွေ့ရပါသည်။

(ဂ) **သတင်းနှင့် ဆက်သွယ်ရေး**

ညောင်ပင်သာကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း (၃၇၅) လုံး၊ ရေဒီယို(၆၆)လုံး၊ တီဗွီ(၂၃၄)လုံးနှင့် ဂြိုလ်တုစလောင်း(၉)ခုစသည်တို့မှ ရရှိပါသည်။ ကျေးရွာမှ ဖုန်းဖြင့် စျေးကွက် လက်လှမ်းမီစွာ အသုံးပြုနိုင်ပါသည်။

၆။ ပညာရေး

ညောင်ပင်သာကျေးရွာတွင် အလယ်တန်းကျောင်းရှိသည့်အတွက် အလယ်တန်းပညာကို ကျေးရွာတွင်သာ အလွယ်တကူသင်ယူနိုင်ကြပါသည်။ အထက်တန်းပညာကို မန္တလေးမြို့ရှိ အထက်တန်းကျောင်းများသို့ သွားရောက်သင်ယူကြရပြီး ကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ မူလတန်းအဆင့် ကျား/မ (၁၄၈)ဦး၊ အလယ်တန်းအဆင့် ကျား/မ (၆၄)ဦးနှင့် အထက်တန်းအဆင့်ကျား/မ(၂၈)ဦး၊ တက္ကသိုလ်/ကောလိပ်အဆင့် (၁၁) ဦး စုစုပေါင်း ပညာသင်ကြားနေသူ ကျား/ မ(၂၅၁)ဦး ရှိပါသည်။ အထက်တန်းကျောင်းများသို့ တက်ရောက်သော ကျောင်းသားများအနေဖြင့် များသောအားဖြင့် စက်လှေ၊ ဆိုင်ကယ်များဖြင့် ကျောင်းတက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းပြီးမြောက်သူ(၃၆၈)ဦး၊ အလယ်တန်းပြီးမြောက်သူ (၆၁၅)ဦး၊အထက်တန်းပြီးမြောက်သူ(၆၈)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ(၃၇)ဦးရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ညောင်ပင်သာကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိသော်လည်း ကျန်းမာရေးဆရာမ မရှိသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ၊ အရေးပေါ်ကိစ္စများနှင့်ရောဂါကြီးများကို မန္တလေးမြို့သို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်ကူးစက်ရောဂါများ ဆိုးဆိုးရွားရွားမရှိခဲ့ပါ။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက် ဝမ်းလျှော ရောဂါဖြစ်ခြင်း၊ ရာသီတုတ်ကွေး၊ ဖျားနာခြင်း ဖြစ်ပေါ်တက်ပါသည်။

သောက်သုံးရေအတွက် အဝီစိတွင်းစက်တပ်တွင်း(၁၁)တွင်းနှင့် အဝီစိတွင်းတုံကင် (၁)တွင်း ရှိပြီး အချို့အိမ်ထောင်စုများမှာ အတူတွဲ၍ သုံးစွဲကြပြီး သောက်သုံးရေအတွက် အခက် အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးထားသည့် ရေပေးရေး လုပ်ငန်း (၂) ခု ရှိပါသည်။

သန့်ရှင်းသော ယင်လုံအိမ်သာများကိုအသုံးပြုသည့် အိမ်ထောင်စု(၃၇၉)စုရှိနှင့် အိမ်သာမရှိသော အိမ်ထောင်စု(၁၄)စုရှိပါသည်။ တချို့အိမ်ထောင်စုများသည် စုပေါင်းသုံးစွဲကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘဝဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ညောင်ပင်သာကျေးရွာတွင် စိုက်ခင်းများအား ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အားနည်းသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ညောင်ပင်သာကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာအသိပညာများအားနည်းကြပါသည်။ သရက်တပင် ကျေးရွာတွင် ကျား-မ၊ လူကြီး-လူငယ်မရွေးနှစ်စဉ်ပဋာန်းပွဲကိုစည်ကားသိုက်မြိုက်စွာ ဆောင်ရွက်လုပ်ကိုင် ကြပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် ဆူးကားကင်း			ကျေးရွာအမည် ဆူးကားကင်း
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခြင်း
၂	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ရေသန့်စင်စက်တပ်ဆင်ခြင်း
၃	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	ဂါလံ ၅,၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း
၄	အခြေခံအဆောက်အဦ	အခြေခံအဆောက်အဦ	စာကြည့်တိုက်ပြုပြင်ခြင်းနှင့် စာအုပ်များ ထောက်ပံ့ခြင်း
၅	ပညာရေး	ပညာရေး	ကျောင်းဝန်းခြံစည်းရိုးပြုပြင် တည်ဆောက်ခြင်း
၆	မွေးမြူရေး	မွေးမြူရေး	မွေးမြူရေးလုပ်ငန်းများအတွက် ကာကွယ်ဆေးများ ထိုးခြင်း၊ မွေးမြူရေး အစာများနှင့် မွေးမြူရေး နည်းပညာ ထောက်ပံ့ပေးခြင်း
၇	လူငယ်နှင့်အားကစား	အားကစား	ကျေးရွာနေပြည်သူများ ကျန်းမာဖွံ့ဖြိုးစေရန် ကျန်းမာရေးလေ့ကျင့်ကိရိယာများ ထားရှိပေးခြင်း

ညောင်ပင်သာကျေးရွာ၊ ဖိုးလှကုန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှမင်းသန်း	ဦးမိတ်	၉/ပသက(နိုင်) ၀၈၀၈၅၇	၄၂	ဥက္ကဋ္ဌ	၀၉ - ၄၀၀၆၂၆၁၂၃
၂	ဦးမြင့်လွင်	ဦးဖိုးကို	၉/ပသက(နိုင်)၀၄၇၈၉၃	၆၃	အတွင်းရေးမှူး	၀၉ -၂၅၉၀၉၀၁၀၈
၃	ဒေါ်ခင်စောလှိုင်	ဦးမိတ်	၉/ပသက(နိုင်)၁၀၇၁၈၈	၃၆	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉ - ၄၀၂၇၇၅၂၁၂
၄	ဦးဇော်မျိုးမောင်	ဦးကျော်ဌေး	၉/ပသက(နိုင်) ၁၆၈၅၀၅	၂၅	ဘဏ္ဍာရေးမှူး	၀၉ - ၆၅၀၄၀၇၄၅၆
၅	ဦးမင်းခိုင်စိုး	ဦးတင်စိုး	၉/ပသက(နိုင်) ၁၂၄၀၆၆	၃၁	စာရင်းကိုင်	၀၉ - ၇၉၇၆၂၄၄၇၀
၆	ဒေါ်ဆုဆုလှိုင်	ဦးညွန့်လှိုင်	၉/ပသက(နိုင်) ၁၀၇၁၉၆	၃၆	အဖွဲ့ဝင်	၀၉ - ၈၈၇၈၂၂၉၄၉
၇	ဒေါ်မာတုဝင်းဝင်းထွေး	ဦးလှဖေ	၉/ပသက(နိုင်) ၀၉၂၇၆၆	၃၉	အဖွဲ့ဝင်	၀၉ - ၄၄၈၁၄၉၇၅၇
၈	ဒေါ်ယဉ်မြိုင်	ဦးမိတ်	၉/ပသက(နိုင်) ၀၈၀၈၅၅	၄၇	အဖွဲ့ဝင်	၀၉ - ၄၀၀၆၂၆၁၂၇
၉	ဦးခိုင်ဇော်ထိုက်	ဦးညီညီ	၉/ပသက(နိုင်) ၀၉၂၇၆၀	၄၁	အဖွဲ့ဝင်	၀၉ - ၄၀၀၆၂၆၁၂၃

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၃	၂၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၆	၄၅	၈၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၃	၅၃	၁၁၆		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၉	၄၇	၉၆		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၇	၅၇၈	၁၀၄၅		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၈	၇၉	၁၂၇		
စုစုပေါင်း		၆၇၄	၈၁၅	၁၄၈၉		
စုစုပေါင်း အိမ်ထောင်စု		၃၉၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့် သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)နှစ် မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့် အရွယ်များ ကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် အိမ်ထောင်စု(၃၉၃)စု နှင့် လူဦးရေ (၁၄၈၉) ဦး ရှိပါသည်။ အလုပ်မလုပ်နိုင်သော ငါးနှစ်အောက်နှင့်နို့စို့အရွယ်နေဖြင့် (၇) ရာခိုင်နှုန်း၊ မူလတန်း ကျောင်းသားရွယ် (၈) ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းသားအရွယ် (၆)ရာခိုင်နှုန်း၊ အလုပ်လုပ်နိုင်သည့်အရွယ်(၇၀) ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို (၉) ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၇၀) ရာခိုင်နှုန်း ရှိသောကြောင့်လူသား အရင်းမြစ်များစွာရှိသဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာ စွာဖတ်ပြီးမှန်ရာတစ် ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၉၇	၁၈၂	၁၅	၇၅	၁၀၇		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၃၄	၈၆	၁၄	၃၄	၅၂		မြင့် ☑လတ်☐ နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅	၇	၁	၇	-		မြင့် ☑လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား							မြင့် ☐လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၄	၁၉	-	၁၄	၅		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၂၅	-	၁၇	၈		မြင့် ☑လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	၁၈	၅၅	၈	၁၂	၄၃		မြင့် ☑လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅၆	၁၇၉	၁	၁၁၂	၆၇		မြင့် ☑လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၃၇	၃၃	၃၁	၁၀၇	၂၀၆		မြင့် ☑လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာ စွာဖတ်ပြီးမှန်ရာတစ် ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၅	၅	-	၅			မြင့် ☑လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း							မြင့် □လတ်□ နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၃	၁	-	၃		မြင့် ☑လတ်□ နိမ့်□
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း	၃	၃	၁	-	၃		မြင့် ☑လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	-	၁		မြင့် ☑လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆	၁၃	၃	၉	၄		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၄	၂၇	-	၂၀	၇		မြင့် ☑လတ်☐ နိမ့်☐
	စုစုပေါင်း	၃၉၃	၉၁၈	၇၅	၄၁၂	၅၀၆		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"

အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"**ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်

လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ (၃၃%)၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၃၄%)ဖြစ်ပြီး ကျန် အိမ်ထောင်စုများမှာ ပန်းရံ၊လက်သမား၊ စက်မှုလက်မှု လုပ်သား၊လယ်ယာလုပ်သားနှင့် အခြားကျပန်း လုပ်ကိုင်သူ များရှိပြီး နိုးစပ်ရာကျေးရွာများနှင့် မန္တလေးမြို့များသို့ သွားရောက်လုပ်ကိုင် အသက်မွေးကြပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	–	၁၂၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ÷၈)

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် လုပ်ခလစာများအနေဖြင့် လယ်ယာလုပ်ငန်းတွင် အမျိုးသား များမှာ အများဆုံး ငွေကျပ် (၁၀,၀၀၀/–)နှင့် အမျိုးသမီးများမှာ ငွေကျပ် (၅၀၀၀/–)၊ ဆောက်လုပ်ရေး လက်သမား၊

ပန်းရံ လုပ်ငန်းတွင် အမျိုးသားများမှာ အများဆုံး ငွေကျပ် (၁၅၀၀၀/-)နှင့် အမျိုးသမီးများမှာ အများဆုံး ငွေကျပ် (၁၂၀၀၀/-)။ ရရှိကြသဖြင့် လုပ်ခ လစာများတွင် အမျိုးသားများက ပိုမိုရရှိကြပြီး ကျား/မကွာဟမှု ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၅၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၇	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၈	ကောင်း ☐	သင့်☑	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၈**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင်လယ်မြေပိုင်ဆိုင်မှုမှာ ကိုင်းကျွန်းမြေ(၈၈)ဧက ဖြစ်ပြီး ကျွန်းမြေဖြစ်သည့်အတွက် မြေဆီလွှာအရည်အသွေးကောင်းမွန်ပါသည်။ စိုက်ပျိုးသီးနှံများကို မိုးရွာသွန်းမှုအပေါ်မူတည်၍စိုက်ပျိုးကြသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
စသည်။)			
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော – အပူပိုင်းသစ်တော	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ။ ညောင်ပင်သာကျေးရွာအနီးတွင် သတ္ထုနှင့်အခြားသယံဇာတများသဘာဝတိရစ္ဆာန် မျိုးစိတ်များမရှိပါ။ သဲများပေါများစွာရှိပြီးထုတ်ယူရန်လွယ်ကူပါသည်။ ဆေးဖက်ဝင်အပင်များဖြစ်သော မြင်းခွါရွက်၊ ကုက္ကိုပင်နှင့် လက်ပန်းပင်များရှိပါသည်။ အခြားသဘာဝတိရစ္ဆာန်မျိုးစိတ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
		ကောင်း		
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၃၄၆	၂၈	၁၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၈)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၄၆)စု၊မပြေလည်သောအိမ်ထောင်စု(၂၈)စုရှိပြီး အလွန်မပြေလည်သောအိမ်ထောင်စု(၁၁)စုရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် ကိုင်းကျွန်းမြေ ကိုယ်ပိုင်လုပ်ကိုင်သောအိမ်ထောင်စုများနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများဖြစ်ပြီး မပြေလည်သော အိမ်ထောင်စုများ အနေဖြင့် လယ်ယာလုပ်သားများနှင့်ဆောက်လုပ်ငန်းလုပ်ငန်းများဖြစ်သောလက်သမား၊ပန်းရံလုပ်သား၊ကျပန်းအလုပ်သမားဖြစ်ပြီး အနီးအနားရွာများနှင့် မန္တလေးမြို့သို့ သွားရောက် လုပ်ကိုင်ကြသူအများစုဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခဲ့ရာတွင် ကျေးရွာသည့် စိုက်ပျိုးရေး အဓိက လုပ်ကိုင်သည့်ရွာ ဖြစ်သဖြင့် တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို မရှိပါ။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၁	မြစ်ရေကြီးမှု			✓	✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း		✓		✓		
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း			✓	✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် ထိခိုက်သက်ရောက်မှုအနေဖြင့် မိုးရာသီတွင် မြစ်ရေကြီးမှု မြင့်မားပါသည်။ ကျေးရွာရှိ လယ်မြေများသည် မိုးရွာသွန်းမှုအပေါ် မှီခိုး၍ စိုက်ပျိုးကြရသဖြင့် ရံဖန်ရံခါ မိုးခေါင်မှုကြောင့် သီးနှံအထွက်နှုန်းနည်းခြင်းနှင့် ဆုံးရှုံးခြင်း ဒဏ်ကို ခံစားရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်			✓	✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓			✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် လူငယ်အများစုသည်ငယ်ရွယ်သူများဖြစ်ခြင်း၊ အမှား အမှန်ကောင်းစွာမခွဲခြားနိုင်ခြင်း၊ စိတ်လိုက်မာန်ပါလုပ်တက်ခြင်းများကြောင့် ထိခိုက်လွယ်မှုမြင့်မားသူများ ဖြစ်ပါသည်။ လက်လုပ်လက်စားကျပန်းများ အတွက်လည်းထိခိုက်လွယ်မှု မြင့်မားသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	မေတ္တာပါရမီပရဟိတအဖွဲ့	၁☐၂☑၃☐	၉	၁	၁၀	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ရေကော်မတီ	၁☐၂☑၃☐	၉	-	၉	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐၂☑၃☐	၅	၄	၉	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	မီးကော်မတီ	၁☐၂☑၃☐	၁၅	-	၁၅	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး☐	
၅	လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ	၁☐၂☑၃☐	၄	-	၄	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	ကျောင်းကော်မတီ	၁☐၂☑၃☐	၁၅	-	၁၅	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော လူမှုရေးကိုအခြေခံ၍ ဖွဲ့စည်းထားသော သာရေးနာရေးကူညီရေး အသင်းအဖွဲ့(မေတ္တာပါရမီပရဟိတ)၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရေကော်မတီ၊ မီးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ ကျောင်းကော်မတီအဖွဲ့များရှိပြီး ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်း မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၆	၆	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၂	၈	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃	၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၃	၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၂၄	၁၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၉၃) စု ရှိသည့်အနက် စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စု (၁၂၄) စု ရှိပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုအခြေအနေမှာ မြေယာမဲ့ အိမ်ထောင်စု (၉၆)စု၊ ၂.၅ ဧကအောက် အိမ်ထောင်စု (၂၂) စု၊ ၂.၅ဧကမှ၅ဧကကြား အိမ်ထောင်စု (၃)စု ရှိပြီး တောင်သူငယ် အိမ်ထောင်စု (၃)စု ရှိပါသည်။ စိုက်ပျိုးမြေမရှိသော မြေယာမဲ့များမှာ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ တောင်သူ လုပ်သား၊ ဆောက်လုပ်ရေးလုပ်သားများ၊ စက်မှုလက်မှုလုပ်သားများနှင့် ကျပန်း အလုပ်သမားများ ဖြစ်ကြသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ☐

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးရေအတွက် မိုးရွာသွန်းမှုကို မှီခိုး၍ စိုက်ပျိုးကြသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကန်စွန်းဥ	၇၄	ပိဿာ	၈၀၀	၁၂၀၀	၁၀၀၀	သီတင်းကျွတ်	နှင်းတော်	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
မြေပဲ	၅၀	တင်း	၈၀	၁၀၀	၉၀	သီ တင်းကျတ်	နှတ်တော်	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာ၏ အဓိက စိုက်ပျိုးသီနှံများမှာ ကန်စွန်းဥနှင့် မြေပဲများ စိုက်ပျိုးကြသည်။ သွင်းအားစုများနှင့်အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်သာရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			
လက်တွန်းထွန်စက်	၁			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၃			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက် (၁) စီး၊ လက်တွန်းထွန်စက် (၁)စီးနှင့် မြက်ရိတ်စက် (၃) ခု ရှိပြီး အဆိုပါစက်များ ပိုင်ဆိုင်မှု မရှိသူများသည် ငှါးရမ်း၍ ထွန်ယက် စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် ကန်စွန်းဥနှင့် မြေပဲများကို အဓိကစိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးရာတွင် သဘာဝရေမြေရာသီဥတုကိုမှီ၍ စိုက်ပျိုးကြပြီးတစ်ခါတစ်ရံမိုးရွာသွန်းမှုမညီမျှမှုနှင့်ရင်ဆိုင်ရသည်။ မျိုးကောင်းမျိုးသန့်များကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကို ရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက်လက် လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာ၏ စိုက်ပျိုးရေးအနေဖြင့် ရာသီဥတုမမှန်ခြင်း၊ ဖျက်ပိုးနှင့် ရောဂါကျရောက်ခြင်းများကြောင့်စိုက်ပျိုးသီးနှံများအထွက်နှုန်းနည်းပါးကြသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၅၂	၃၁၆
နို့စားနွား	၁၀၈	၁၅၆
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁	၂
ကြက်	၁၆	၄၁
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ညောင်ပင်သာကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးအနေဖြင့် နွား၊ နို့စားနွားများကို မွေးမြူကြသည်။ မွေးမြူရေးကိုစီပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေပိုမိုအဆင်ပြေလာနိုင်သည်။ ကျေးရွာတွင် မွေးမြူ သည့်တိရစ္ဆာန်ကောင်ရေများအတွက် တိရစ္ဆာန်ကာကွယ်ဆေးပုံမှန်ထိုးပေးရန်လိုအပ်ပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များ ရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ☑ အသင့်အတင့်☐ မဖြေဆိုပါ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ☐
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☑ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☐ မဖြေဆိုပါ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင် သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချ နိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☐ မဖြေဆိုပါ☐
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☐ မဖြေဆိုပါ☐
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင် သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☐ မဖြေဆိုပါ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☐ မဖြေဆိုပါ☐
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☐ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များ ရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

